# သို့…… ဖိတ်စာလေးရဲ့ ဝိညဉ်



အရှင်ဉာဏိကာဘိဝံသ
(ကာလီဖိုးနီးယားတက္ကသိုလ်)

အသိစင်ကြယ် ၊ ရင်ဝယ်ချမ်းမြေ့ ၊ တရားမွေ့က ၊ လူ့ဓလေ့ကောင်း ၊ အပေါင်းချမ်းသာ၊ ကောင်းကျိုးဖြာ... ဆိုပြီး မကြာမီက မေတ္တာနန္ဒမှာ ကျင်းပပြုလုပ်ခဲ့တဲ့ အရှင်ရာဇိန္ဒ(ရဝေနွယ်-အင်းမ) ရဲ့ တရားပွဲဖိတ်စာမှာ ရိုက်ထည့်ပေးလိုက်ပါတယ်။ အဲဒီဖိတ်စာကို ဖတ်မိတဲ့ ဒကာတစ်ဦးက သူကြားသိနေကြ "မကြားစတောင်း၊ ထုံးဟောင်းကြားသီး၊ ကြားပြီးစင်စွာ၊ ကင်္ခါပျောက်ကင်း၊ ဖြောင့်စင်းအယူ၊ ကြည်ခြင်းဟူသား၊ ငါးဆူမှန်ချက်၊ ကျိုးဆက်မျက်မှောက်၊ ချက်ခြင်းရောက်၏" ဆိုတဲ့ တရားနာခြင်းကြောင့် ရနိုင်တဲ့ အကျိုးငါးပါးကို ဖွဲ့သီထားတဲ့ လင်္ကာနဲ့ မတူလို့ ဖိတ်စာမှာပါတဲ့ လင်္ကာက ဘယ်ဆရာတော် ရေးထားတာတုံး၊ ဘယ်စာအုပ်ထဲမှာ ပါတာတုံးလို့ မေးပါတယ်။ သူ့ဝသီအတိုင်း ဘယ်ဆရာတော်ကြီး သီကုံးထားမှ၊ ဘယ်ကျမ်းစာအုပ်ကြီးထဲမှာပါမှ ခိုင်မာယုံကြည်ရမယ်ဆိုတဲ့ သဘောနဲ့ မေးသလားတော့ မသိဘူးပေါ့။

ဒီတော့ ကိုယ်ကလည်း အဲဒီလင်္ကာကို အလွန့်အလွန်ထင်ရှားတော်မူတဲ့ ဆရာတော်ကြီး ဦးဉာဏ သီထားတာ။ ဘယ်စာအုပ်ထဲမှာ ပါသလဲဆိုတော့ ဉာဏ်ရဲ့မှတ်တမ်းများဆိုတဲ့ ကွန်ပျူတာကျမ်းစာအုပ်ကြီးထဲမှာပါတယ်။ အဲဒီထဲကနေ ကူးယူပေးလိုက်တာလို့ သူ့ကိုစလိုက်တယ်။ ရုတ်တရက်ဆိုတော့ သူ့ကိုစမှန်း သူသိလိုက်ပုံ မပေါ်ဘူး။ ဆရာတော်ကြီး ဦးဉာဏဆိုတာ ဘယ်ဆရာတော်လဲ၊ ဘယ်မှာနေလဲလို့ မေးပါတယ်။ဆရာတော်ကြီး ဦးဉာဏဆိုတာ ခု ဒကာနဲ့ စကားပြောနေတဲ့ ဆရာတော်ကြီးပေါ့လို့ ပြောလိုက်မှ သူ့ကိုစမှန်း သူသဘောပေါက်သွားတယ်။

ဒီတော့မှ အရှင်ဘုရားကတော့ စလိုက်နောက်လိုက်ရမှ ကျေနပ်ပုံရတယ်။ အတော်ပါပဲ။ အဲဒီလင်္ကာအကြောင်း မေးချင်နေတာ။ ခုအရှင်ဘုရားကိုယ်တိုင် ရေးထားတာဆိုတော့ ပိုပြီးတိတိကျကျ သိခွင့်ရတာပေါ့။ လင်္ကာရဲ့ အဓိပ္ပါယ်အကျယ်ကို ပြောပြပါဦးလို့ သူကပြောတယ်။ နေဦးဒကာ၊ မအားသေးဘူး။ နောက်အားတဲ့အခါမှ အခြား သူများလည်းသိရအောင် စာတစ်ပုဒ်ရေးမယ်။ အဲဒီတော့မှ ဖတ်ပေတော့လို့ သူ့ကိုပြောထားခဲ့တာ။

အဲဒါ ခု အော်ရီဂင်ပြည်နယ်၊ ပေါ့တလန်မြို့မှာ သီတင်းသုံးတဲ့ ဆရာတော်အရှင်သီရိန္ဒက သူ့ဝက်ဘဆိုက်မှာ တိပိဋကဓရ မြင်းမူဆရာတော် ဦးဝံသပါလာလင်္ကာရ မေတ္တာနန္ဒမှာ တရားဟောကြားခဲ့တဲ့ ဓာတ်ပုံတွေကို တင်ထားတာတွေ့ရမှ စာရေးမယ်လို့ ဒကာကို ကတိပေးထားခဲ့တာ သတိရလို့ လင်္ကာလေးအကြောင်းရေးလိုက်တာ။ ဒီလင်္ကာလေးရေးခဲ့စဉ်က လေးလေးနက်နက် အထူးတလည် စဉ်းစားပြီး ရေးခဲ့တာမဟုတ်ပါဘူး။ တရားပွဲ ဖိတ်စာမှာ နေရာလွတ်နေတာရယ်၊ ဖိတ်စာဒီဇိုင်းလေး ကြည့်ပျော်ရှုဖွယ်ဖြစ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စာရိုက်နေရင်း စိတ်ထဲပေါ်လာတဲ့ ပါဠိစကားလုံးတွေကို မြန်မာပြန်ပြီး ရေးဖြစ်ခဲ့တာပါ။ ဒီပါဠိစကားလေးတွေရဲ့ မြန်မာအဓိပ္ပါယ်လေးတွေကို နှစ်သက်တာကြောင့်ပေါ့။

လင်္ကာလေးထဲမှာ အသိစင်ကြယ်ဆိုတာက မှန်မှန်ကန်ကန်သိတာကို ဆိုတာပါ။ ကြားနေကြ ပါဠိစကားအရဆိုရင် သမ္မာဒိဋ္ဌိပေါ့။ အသိမှန်တယ်၊ အမြင်မှန်တယ်လို့ ဆိုလိုတာ။ တစ်နည်းအားဖြင့်ဆိုရင် အယူမှန်ကန်မှုပေါ့။ အသိမှန်တော့ အယူမှန်တယ်။ ပါဠိစကားအရဆိုရင် ဒိဋ္ဌိဇုကမ္မပေါ့။ သိတဲ့အသိက မှားယွင်းတဲ့အသိ မဟုတ်ပါမှ သန့်ရှင်းစင်ကြယ်မှာပေါ့။ သိတာတွေတော့ များပါရဲ့။ ကိုယ်သိတဲ့အသိက မမှန်ကန်ဘူးဆိုလျှင် ဘယ်မှာလာ စင်ကြယ်နိုင်ပါ့မလဲ။ ဒါကြောင့် အသိတွေများပြီး အရှုပ်တွေ ပွားနေတဲ့သူတွေကိုလည်း တွေ့တွေ့နေတတ်တာပေါ့။ နောက်ပြီးလည်း သိမှုက လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာအညစ်ကြေးတွေကို အခြေခံထားတဲ့ အသိမျိုးဆိုလျှင်လည်း ဘယ်မှာစင်ကြယ်တဲ့အသိ ဖြစ်နိုင်မှာလဲ။ခုလို အသိမှန်ကန်ဖို့၊ အယူမှန်ကန်ဖို့၊ လောဘ၊ဒေါသ၊ မောဟတွေ ကင်းစင်ကြယ်ဖို့အတွက် တရားနာဖို့လိုတယ်။ တရားနာခြင်းကြောင့် အဲဒီလို အကျိုးတရားကို ရရှိစေနိုင်ပါတယ်။ ဒီရည်ရွယ်ချက်နဲ့ အသိစင်ကြယ်ဆိုတဲ့ စကားလေးကို ပြောလိုက်တာပါ။ စင်ကြယ်တဲ့အသိ လူတိုင်းရဲ့ရင်မှာ ရှိစေချင်တဲ့ ရည်ရွယ်ချက်နဲ့ပါ။

နောက်တစ်ခု ရင်ဝယ်ချမ်းမြေ့ဆိုတာကတော့ တရားနာတော့ မသိသေးတာတွေကို သိခွင့်ရတယ်။ သိပြီးသားပေမယ့် သိပ်ပြီးရှင်းရှင်းလင်းလင်း မရှိဘူးဆိုလျှင် ပိုမိုရှင်းလင်းသွားစေတယ်။ မသိရသေးတာကို သိရ၊ မရှင်းသေးတာ ရှင်းသွားတော့ စိတ်မှာသို့လောသို့လော ဖြစ်မှု မရှိတော့ဘူးပေါ့။ ရှုပ်ထွေးမှု မရှိဘူး၊ သန့်သန့်လေး ဖြစ်နေတယ်ဆိုလျှင် စိတ်ကြည်လင်တယ်။ ရင်မှာချမ်းသာတယ်ပေါ့။ ကိုယ့်အိမ်မှာ အမှိုက်သရိုက်တွေ ရှုပ်ရှုပ်ပွေပွေ ညစ်ညစ်ပွပွ ဖြစ်နေရင် နေရထိုင်ရတာ၊ မြင်ရတွေ့ရတာ မချမ်းမြေ့သလို စိတ်ထဲမှာလည်း ရှုပ်ရှုပ်ပွပွတွေ ဖြစ်နေမယ်၊ အညစ်အကြေးတွေ စွန်းထင်နေမယ်ဆိုရင် ဘယ်မှာ ကြည်လင်ချမ်းမြေ့နိုင်ပါတော့မလဲ။ ပြင်ပမှာ ရှုပ်ပွနေတဲ့ အမှိုက်သရိုက် အညစ်အကြေးတွေကို ရှင်းလင်းသန့်စင်ပစ်ဖို့လိုသလို စိတ်အညစ်အကြေးတွေကိုလည်း သန့်စင်ဖို့လိုပါတယ်။

စိတ်အညစ်အကြေးတွေ သန့်စင်နေရင် စိတ်က အေးချမ်းတည်ငြိမ်နေတာပါ။ တရားနာခြင်းဆိုတာ အဲဒီလို စိတ်အညစ်အကြေးတွေ သန့်စင်ပစ်ဖို့အတွက် ကိရိယာတန်ဆာပလာ တစ်ခုပေါ့။ တရားနာသူ့ရင်မှာ ချမ်းမြေ့သာယာဖြစ်စေဖို့ အထောက်အပံ့ကောင်း တစ်ခုပေါ့။ ဒါကြောင့် ဖိတ်စာထဲမှာ ရင်ဝယ်ချမ်းမြေ့လို့ ထည့်ရေးပေးလိုက်တာပါ။ စိတ်ထဲမှာ နီဝရဏခေါ်တဲ့ အညစ်အကြေးတရားတွေ မရှိရင် စိတ်က အရမ်းကို ကြည်လင်သန့်ရှင်းပြီး

ပေါ့ပါးလွတ်လပ်လို့နေတာပါ။ မတရားလိုချင်မှု အညစ်အထေး၊ သူတစ်ပါးတွေ ပျက်စီးထိခိုက်စေတတ်တဲ့ အစွန်းအထင်း၊ ထိုင်းမှိုင်းပျင်းရိမှု အဆီးအတား၊ ပျံ့လွင့်တွေဝေခြင်း အနှောက်အယှက်တွေ ကင်းစင်ကာ ကြည်လင်နေတဲ့ စိတ်အစင်လေးနဲ့ ခဏတာလေးမျှဖြစ်ဖြစ် နေထိုင်ရတဲ့ အေးငြိမ်းချမ်းသာမှုဆိုတာ ဘယ်အရာနဲ့မှ အစားထိုးလဲလှယ်လို့ မရနိုင်တဲ့ တကယ့်သန္တိသုခ-ငြိမ်းအေးချမ်းသာပါ။ ဒါကို ပါဠိလိုဆိုရင် သမ္မာသမာဓိ ဖြစ်နေတယ်ပေါ့။ မှန်မှန်ကန်ကန်ဟောကြားတဲ့တရားကို ယုံကြည်တဲ့ သဒ္ဓါတရားနဲ့ အသိဉာဏ် ဦးစီးကာ နာကြားခဲ့မယ်၊ နာကြားသိကိုအခြေခံပြီး ကျင့်ကြံသွားမယ်ဆိုလျှင် ဒီသန္တိသုခမျိုးက ခံစားနိုင်ကောင်းတဲ့ အရာပါ။ ခံစားနိုင်ပါစေလို့လည်း ဆုတောင်းပေးနေတတ်တာပါ။ ထာဝရချမ်းသာကြီး မဟုတ်သေးပေမယ့် အဲဒီ ဇဂ်မ-ယာယီ ခဏစိတ်ချမ်းမြေ့မှုလေးသည်ပင် တန်ဖိုးဖြတ်မရအောင် အဖိုးထိုက်လှပါတယ်။ ဒါကြောင့် ရင်ဝယ်ချမ်းမြေ့ ဆိုတာလေးကို ရေးဖြစ်လိုက်တာပါ။

တရားမွေ့က-ဆိုတဲ့ စကားလေးကတော့ တရားနဲ့မွေ့လျော်ခြင်း၊ တရားနဲ့နေထိုင်ခြင်းလို့ ဆိုတာပါ။သမ္မာသင်္ကပ္ပ-ကို ကောင်းစွာကြံစည်ခြင်းလို့ မြန်မာလိုပြောတတ်ကြပါတယ်။ တကယ်တော့ သင်္ကပ္ပရဲ့ သဘောက ကြံစည်ခြင်းဆိုတာထက် အချို့နေရာမှာ အာရုံပေါ်မှာ စိတ်ကိုတည်နေစေအောင် တွန်းတင်တတ်တဲ့သဘောကို ဆိုတာပါ။ ကောင်းတဲ့အာရုံပေါ်မှာ စိတ်ကိုတွန်းတင်တဲ့သဘော၊ မွေ့လျော်စေအောင် ပို့ဆောင်တတ်တဲ့သဘောပေါ့။ အပြစ်ကင်းစင်တဲ့ အာရုံရပ်ဝန်းမှာသာ စိတ်လေး လှည့်လည်ကျက်စားနေမယ်ဆိုလျှင် ဘယ်လောက်နေပျော်ဖွယ်ကောင်းသွားမလဲလေ။ ဒါကြောင့် သမ္မာသင်္ကပ္ပသဘောကို ထင်စေချင်လို့ တရားမွေ့လျက်လို့ ရေးလိုက်တာ။

နောက်ပြီးလည်း ရမတိ-မွေ့လျော်၏လို့ မြန်မာပြန်ကြတဲ့ ရမတိဆိုတဲ့ စကားလုံးလေးကိုလည်း သတိရမိတာရယ်။ ဝိဟရတိ-လျောင်း၊ထိုင်၊ရပ်၊သွား၊ လေးပါးဣရိယာ သာယာရွှင်ပြုံး နှလုံးမွေ့လျော် စံနေတော်မူ၏-ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ သီတင်းသုံးစံနေဟန်ကိုလည်း သတိရမိတာကြောင့်ပါ။ မွေ့ရှင်တော်ဆိုတဲ့ ဘုရားဝတ်ပြုတိုင်း မကြာမကြာ သတိရတတ်တဲ့ ဗုဒ္ဓရဲ့ ပုံရိပ်လွှာကို မျှော်ရည်တမ်းတမိတာလည်း ပါပါတယ်။ လိုရင်းကတော့ မတရားတာတွေကို မနှစ်သက်တတ်ခြင်း၊ တရားမှုကိုသာ နှစ်သက်ပျော်ရွှင်ပြီး တရားနဲ့နေထိုင်မှုမှာသာ မွေ့လျော်ပျော်ပိုက်ခြင်းလို့ ဆိုလိုတာပါပဲ။

လူသားတစ်ဦးအနေနဲ့ တရားမှုအပေါ်မှာသာ မွေ့လျော်တတ်တဲ့ ဝါသနာစရိုက် အထုံတွေများလာပြီဆိုလျှင်ဖြင့် သူ့ရဲ့ဓလေ့စရိုက်၊ ကိုယ်နှုတ်စိတ်အမူအယာတွေလည်း ကောင်းမွန်လာတော့တာပါ။ ကောင်းတဲ့ဓလေ့စရိုက်ကို ပိုင်ဆိုင်ထားသူဆိုတာ ကောင်းတာကိုပဲပြောတော့မယ်။ ကောင်းတာကိုပဲ လုပ်တော့မယ်။ ကောင်းမွန်မှန်ကန်တဲ့ အသက်မွေးမှုနဲ့ပဲ သူ့ဘဝကို တည်ဆောက်တော့မယ်။ မတရားသဖြင့် ပြောဆိုလုပ်ကိုင်ရမှာမျိုးကို စိတ်တောင်မှ လုံးဝကူးတော့မယ် မဟုတ်တော့ပေဘူးပေါ့။ ဒီလိုဆိုတော့ သူ့သန္တာန်မှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ လို့ဆိုရတဲ့ တရားတွေလည်း ကိန်းတည်လာပြီလေ။

ခုလို ကိုယ်နှုတ်စိတ်အမူအယာ သုံးခုလုံးမှာ အပြစ်ကင်း သန့်ရှင်းစင်ကြယ်လာသူတစ်ယောက်ရဲ့ စိတ်ဟာလည်း ငြိမ်သက်တည်ကြည်လာမယ်၊ တုန်လှုပ်မှု ကင်းလာမယ်၊ တည်ကြည်ရင့်ကျက်လာမယ်၊ တည်ကြည်မှုကို အခြေ

ခံတော့ အသိဉာဏ်တွေလည်း ဖွံ့ထွားတိုးတက်လာမယ်ပေါ့။ အသိဉာဏ်ဖွံ့ထွားတဲ့ လူသားတစ်ဦးဖြစ်မှသာလျင် မှန်မှန်ကန်ကန်ဆုံးဖြတ်လုပ်ကိုင်နိုင်ပြီး ရဲရင့်တဲ့စိတ်ဓာတ်ခွန်အားတွေကိုလည်း ပိုင်ဆိုင်လာနိုင်မှာပါ။ ဓမ္မစစ်စစ်က မဟုတ်တာကို မပြောရဲ၊မဆိုရဲ၊မလုပ်ရဲ၊ဟုတ်တာကို မကြောက်မရွံ့ နောက်မတွန့်ပဲ ပြောဆိုလုပ်ကိုင်ရဲတဲ့ ခွန်အားသစ်ကို ပေးစွမ်းနိုင်ပါတယ်။ ရဲရင့်တည်ကြည်သူအများနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ လူသားအဖွဲ့အစည်းတစ်ခုဟာ အရာရာတိုးတက်ကောင်းမွန်ပြီး ချမ်းသာကြွယ်ဝလာနိုင်မှာပါ။ ဒါကြောင့် အပေါင်းချမ်းသာ ကောင်းကျိုးဖြာလို့ ရေးခဲ့လိုက်တာ။ ဒီလောက်ဆိုလျင် လင်္ကာလေးရဲ့ အဓိပ္ပါယ်ကို ကိုယ့်ဒကာ ခန့်မှန်းနားလည်နိုင်လောက်ပြီပေ့ါ။ နားလည်ရုံနဲ့တော့လည်း မလုံလောက်သေးဘူးပေ့ါလေ။ လင်္ကာလေးထဲမှာပါတဲ့ ဗုဒ္ဓအဆုံးအမဓမ္မဝိဉာဉ်အလှတွေလည်း ဒကာ့သန္တာန်မှာ ကိန်းဝင်ခိုနားဦးမှလည်း ဖြစ်မှာပေ့ါ။

အော်သတိရလို့ မှတ်မှတ်ရရ ပြောရဦးမယ်။ တကယ်လို့ တရားနာကြားခြင်းကြောင့် ခုလိုကောင်းကျိုးတွေ မရပဲ စိတ်ကို ပိုမိုရှုပ်ထွေးနောက်ကျူစေမယ်၊ နောက်ပြီးလည်း လောဘဖြစ်ဖွယ်၊ ဒေါသဖြစ်ဖွယ်တွေလည်း ပိုမိုများလာမယ်ဆိုလျင်တော့လည်း ဘယ်ဆရာတော်ကြီးပဲဖြစ်ဖြစ်၊ ဘယ်လောက်ပဲ နာမည်ကြီးကြီး၊ ဘယ်ကျမ်းစာထဲမှာပါတဲ့တရားအတိုင်း ဟောတာပါလို့ ဘယ်လိုကျမ်းကြီးတွေကိုပဲ ကိုးကားကိုးကား၊ အဲဒီလိုဆရာတော်မျိုးဟောကြားတဲ့တရားမျိုးကို သတိထားပြီးနာကြားဖို့ လိုပါမယ်လို့လည်း ပြောချင်ပါတယ်။ တရားဆိုတာ အပူငြိမ်းစေတတ်တဲ့ သဘောတရားရှိရမယ်လေ။ ဒီလိုမှ မဟုတ်ပဲ အပူကိန်းစေတာမျိုးဆိုလျင်ဖြင့် တရားထက် မတရားဖြစ်ဖို့ပဲ များမယ်ထင်ပါတယ်။

အသိစင်ကြယ် ၊ ရင်ဝယ်ချမ်းမြေ့ ၊ တရားမွေ့က ၊ လူ့ဓလေ့ကောင်း ၊ အပေါင်းချမ်းသာ ၊ ကောင်းကျိုးဖြာ... လို့ ရေးဖြစ်ခဲ့သလို အသိတရားတွေ အခြေခံကာ ကောင်းကျိုးတွေဖြာဝေတဲ့ မိသားစု၊ ကောင်းကျိုးတွေဖြာဝေတဲ့ လူ့အသိုင်းအဝိုင်းမှာ ကိုယ်ကိုယ်တိုင်လည်း နေထိုင်ရပ်တည်ခွင့်၊ နောက်နောက် ကိုယ့်မျိုးဆက်တွေကိုလည်း အဲဒီလိုပတ်ဝန်းကျင်မှာ ရှင်သန်ကြီးထွားခွင့်ရနိုင်အောင် ဝိုင်းဝန်းတည်ဆောက်ကြိုးစားကြဖို့အထိ ခရီးဆက်ဖို့ကိုလည်းပဲ ပြောချင်ပါတယ်။ ။